| A bank standing with you | Issue Date : June 2020<br>Effective Date : July 2020 |
|---|---|
| HUMAN RIGHT | APPROVED BY HR |

# လူ့အခွင့်အရေး

ရောဝတီ တောင်သူလယ်သမား ဖွံ့ဖြိုးရေးဘဏ်သည် လူအချင်းချင်း လေးစားမှုကိုအလေးထားပြီး ၎င်း၏ စီးပွားရေးဆိုင်ရာ ချမှတ်ထားသော မဏ္ဍိုင်များအား အခြေပြု၍ United Nations Universal Declaration of Human Rights တွင် ချမှတ်ထားသော လမ်းညွှန်ချက်များနှင့် ကိုက်ညီစွာ လုပ်ငန်းများကို စီမံအုပ်ချုပ်သွားရန် သံမိဋ္ဌာန်ချထားသည်။ ထို့ပြင် A Bank ၏အဓိကတန်ဖိုး တစ်ခုမှာ ကျင့်ဝတ်နှင့်ကိုက်ညီသော စီးပွားရေးလမ်းစဉ်များနှင့် ကောင်းမွန်သော ကော်ပိုရိတ် အုပ်ချုပ်မှုများအား ပိုမိုခိုင်မာစွာ လုပ်ဆောင်သွားရန်လည်း သံမိဋ္ဌာန်ချမှတ်ထားသည်။ A Bank သည် ဘုတ်အဖွဲ့ဝင်များ အပါအဝင် ၎င်း၏ ဝန်ထမ်းများအားလုံး၏ လူ့အခွင့်အရေးကို အပြည့်အဝပေးအပ်ထားပြီး ဝန်ထမ်းများ အတွက် လုံခြုံစိတ်ချရသော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကောင်း တစ်ခုကို ဖြည့်ဆည်းထားရှိပေးနိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်း အားထုတ်လျက်ရှိပါသည်။ A Bank သည် အဓမ္မခိုင်းစေမှု၊ အတင်းအကြပ် တာဝန်ပေးခန့်ထားမှု များအား ဆန့်ကျင်ကန့်ကွက်ပြီး၊ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်နှင့် အလုပ်သမားဆိုင်ရာဥပဒေများတွင် ခွင့်ပြုထား သည့် ပမာဏအထိ စုပေါင်းတောင်းဆိုနိုင်ရန် ခေါင်းဆောင်ကိုယ်စားလှည် ရွေးချယ် တင်မြှောက်ခြင်းများအား အပြည့်အဝ ထောက်ခံပံ့ပိုးပေးသည်။ A Bank သည် နောက်ခံအမျိုးမျိုးမှလူမျိုးစုံအား တန်ဖိုးထား လေးစားမှုထားရှိပြီး A Bank ၏ ဝန်ထမ်းများအနေနှင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို အရည်အသွေးအမြင့်ဆုံး ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးသော လုပ်ငန်းခွင်ပတ်ဝန်းကျင် တစ်ခုအားတည်ဆောက်ပေးရန်လည်း သံမိဋ္ဌာန်ချမှတ်ထားသည်။